SHAN
HUMAN RIGHTS FOUNDATION
www.shanhumanrights.org shanhumanrightsfoundation@gmail.com

# ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်မှ နောက်ဆုံးရ လူ့အခွင့်အရေး ချိုးဖေါက်မှု သတင်းထုတ်ပြန်ချက်

၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၂ ရက်

## သီပေါမြို့နယ်၌ SSPP/SSA တပ်ဖွဲ့နှင့်တိုက်ပွဲဖြစ်ပွားစဉ်စစ်ကောင်စီတပ်မှရမ်းသမ်းပစ်ပစ်ခတ်မှုကြောင့် ဒေသခံရွာသား ၇၀၀ ကျော်ထွက်ပြေးတိမ်းရှောင်ခဲ့ရ

၂၀၂၂ ခုနစ် နိုဝင်ဘာလ ၂၅ ရက်နေ့က ရှမ်းပြည်မြောက်ပိုင်း သီပေါမြို့နယ်တွင် အပစ်ရပ်လက်နက် ကိုင်တစ်ဖွဲ့ဖြစ်သည့် ရှမ်းပြည်တိုးတက်ရေးပါတီ/ရှမ်းပြည်တပ်မတော်အား စစ်ကောင်စီတပ်မှ တိုက်ခိုက်စဉ် ရမ်းသမ်းပစ်ခတ်မှုများကြောင့် ဒေသခံ ၇၀၀ ကျော်ခန့်ထွက်ပြေး တိမ်းရှောင် ခဲ့ရ သည်။

သီပေါမြို့နယ်တွင် စစ်ကောင်စီ၏ရမ်းသမ်းပစ်ခတ်မှုကြောင့် ပြည်သူများထွက်ကြေးတိမ်းရှောင်ရသောနေရာ



သီပေါမြို့အရှေ့ဘက်မှ ၁၀ကီလိုမီတာ ကွာဝေးသော မန္တလေး-မူဆယ်လမ်းမကြီးပေါ်ရှိ ကုန်းသာကျေး ရွာ တွင် မနက် ၆ နာရီဝန်းကျင်၌ စစ်ကောင်စီအင်အား ၈၀ ခန့်မှ တိုက်ပွဲကိုစတင်ခဲ့သည်။ ကုန်းသာကျေးရွာ မှ ၃ ကီလိုမီတာခန့်ကွာဝေးသော ခိုလုံတံတားတွင် တပ်စွဲထားသည့် လားရှိုးအခြေစိုက် အရှေ့မြောက် တိုင်း စစ်ဌာနချုပ်လက်အောက်ခံ ခလရ ၆၈ နှင့် သီပေါမြို့အခြေစိုက်တပ် ခလရ ၂၃ တပ်မှ စစ်ကောင် စီစစ် ကြောင်းသည်ကား ၁၁ စီးဖြင့် တိုက်ပွဲမဖြစ်ခင်တွင် ရောက်ရှိလာခဲ့သည်။

အဆိုပါတိုက်ခိုက်မှုသည် ရှမ်းနှစ်သစ်ကူးပွဲတော်ကာလ ကုန်းသာကျေးရွာအတွင်းတပ်စွဲထားသည့် SSPP/ SSA တပ်ဖွဲ့ကို ပစ်မှတ်ထားခဲ့ခြင်းဖြစ်သည်။ နှစ်ဘက်အပြန်အလှန် ၁ နာရီခွဲခန့်တိုက်ပွဲဖြစ်ပွားခဲ့ ပြီး စစ် ကောင်စီမှ ရွာအတွင်းသို့ ရမ်းသန်းပစ်ခတ်မှုကြောင့် အဆောက်အဦး ၁၄ လုံးပျက်စီးခဲ့သော်လည်း လူထု ထိခိုက်ဒဏ်ရာရရှိမှုမရှိခဲ့ပါ။




*မပေါက်ကွဲသေးသော စစ်ကောင်စီ လက်နက်ကြီးများ*

တိုက်ပွဲများနှင့်လက်နက်ကြီးပစ်ခတ်မှုများကြောင့် ကုန်းသာကျေးရွာနှင့် အနီးနားရွာများဖြစ်ကြသော နောင်အန်၊ ကုန်းပျဥ် ကျေးရွာများမှ ဒေသခံရွာသား ၇၀၀ ကျော်တို့သည် ၄င်းတို့၏နေအိမ်များမှ ထွက်ပြေး တိမ်းရှောင်ခဲ့ကြသည်။ အချို့မှာကျေးရွာရှိ ဘုန်းကြီးကျောင်းများ၊ ဘုရားကျောင်းများ နှင့် အချို့မှာ သီပေါ မြို့ပေါ်ရှိဘုန်းကြီးကျောင်းများသို့ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

ထွက်ပြေးတိမ်းရှောင်ခဲ့ရသူများ၏ စာရင်းမှာအောက်ပါအတိုင်းဖြစ်သည်။

| **No.** | **ရှောင်တိမ်းရာနေရာ** | **အိမ်ထောင်စု** | **လူဦးရေ** | **18နှစ် အထက်** | **18နှစ် အောက်** |
|---|---|---|---|---|---|
| 1 | အောင်မင်္ဂလာဘိုးတော်ကျောင်း၊သီပေါမြို့ | 117 | 350 | 170 | 180 |
| 2 | ကုန်းသာဘုန်းကြီးကျောင်း | 73 | 224 | 148 | 76 |
| 3 | ဆွတ်လန်းဘုန်းကြီးကျောင်း | 91 | 166 | 133 | 33 |
| 4 | ကုန်းသာဘုရားကျောင်း | 5 | n/a | n/a | n/a |
| 5 | မဟာစည်ကျောင်း၊သီပေါမြို့ | 3 | n/a | n/a | n/a |
| | **စုစုပေါင်း** | **289** | **740+** | **451+** | **289+** |





*ဒေသခံများဘုရားကျောင်းများတွင်ခိုလှုံနေကြသည့်ပုံ*

တိုက်ပွဲဖြစ်ပွားပြီးနောက် SSPP/SSA တပ်ဖွဲ့ဝင်များမှာ ကုန်းသာကျေးရွာမှဆုတ်ခွာသွားခဲ့သော်လည်း စစ်ကောင်စီတပ်သားများမှာမူ ကုန်းသာကျေးရွာစာသင်ကျောင်းအတွင်းတပ်စွဲနေထိုင်နေကြသည်။ နိုဝင်ဘာလ ၃၀ ရက်နေ့က နောက်ဆုံးရရှိသောအချက်အလက်များအရ စစ်ရှောင်ရွာသားအများစုမှာ နေအိမ်သို့ပြန် လာကြပြီး အချို့မှာ ၄င်းတို့၏နေအိမ်များကိုစစ်ကောင်စီတပ်သားများ၏ မွှေနှောက်ရှာဖွေခြင်း ကိုခံခဲ့ရကြောင်းသိရသည်။

အောက်ပါ ကုန်းသာရွာခံများ၏ နေအိမ်များသည် နိုဝင်ဘာလ ၂၅ ရက်နေ့က လက်နက်ကြီးထိမှန်မှုကြောင့် ပျက်စီးခဲ့ရသည်။

| **No.** | **အမည်** | **လက်နက်ကြီးထိခိုက်မှု** |
|---|---|---|
| 1 | နိုင်စန်းလူ | နေအိမ်ထိခိုက်ပျက်စီး |
| 2 | ပါမွှေးဆာ | အိမ်ရှေ့လက်နက်ထိ မီးကြိုးပျက်စီး |
| 3 | ဦးစောမောင် | နေအိမ်၊ရေခဲသေတ္တာ၊ရေပိုက်ပျက်စီး |

| | | |
|---|---|---|
| 4 | ပါစန်းမိုင် | ခေါင်မိုးပျက်စီး |
| 5 | နိုင်းမွန်ကြာ | ခေါင်မိုးပျက်စီးပေါက်ပြဲ |
| 6 | ပူစန်းမတ် | ခေါင်မိုးပျက်စီးပေါက်ပြဲ |
| 7 | လုံးစိန် | မီးကြိုးပျက်စီး |
| 8 | ပါကြာ | နေအိမ်နှစ်လုံးအမိုးပျက်စီး |
| 9 | ဦးကျော်သက် | ခေါင်မိုးပျက်စီး |
| 10 | လုံးရီ | ခေါင်မိုးပျက်စီး |
| 11 | အေးရွက်ဆန် | ခေါင်မိုးပျက်စီး |
| 12 | ပါးရွှေစိန် | ခေါင်မိုးပျက်စီး |
| 13 | လုံးထွန်းဆာ | နေအိမ်ပျက်စီး |
| 14 | မကြွယ် | နေအိမ်ပျက်စီး |



*စစ်ကောင်စီတပ်ပစ်ခတ်မှုကြောင့် အိမ်ခေါင်မိုးများပျက်စီးခဲ့သည့်ပုံ*

**ဆက်သွယ်ရန်**

စိုင်းဟော်ရှဲန်		+66 94-728-6696		(ရှမ်း၊ အင်္ဂလိပ်)

ယိင်းလျန်းဟန်		+66 62 569 5220		(မြန်မာ)